(ဃ) **ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရအယူခံမှု၊ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်ရှိသည့်မူပိုင်ခွင့်တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဤကိစ္စအလို့ငှာ အယူခံမှုနှင့် ပြင်ဆင်မှုများကို စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသည့် တရားရုံးများကို ဆိုသည်။

(c) **အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှု** ဆိုသည်မှာ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူက ပြင်ဆင်ပယ်ဖျက်ပေးရန် စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ ဥပဒေပုဒ်မ ၆၆ အရ လျှောက်ထားမှုကို ဆိုသည်။

(d) **အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှု** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်ဆိုင်းငံ့မိန့်အပေါ် ကျေနပ်မှုမရှိသူက ပြန်လည်စိစစ်ပေးရန် စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ ဥပဒေပုဒ်မ ၇၂ အရ လျှောက်ထားမှုကို ဆိုသည်။

အခန်း (၂)

စီရင်ပိုင်ခွင့်အာဏာ

ရာဇဝတ်မှုများအတွက် စီရင်ပိုင်ခွင့်အာဏာ

၄။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရစွဲဆိုသော ရာဇဝတ်မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အာဏာအပ်နှင်းထားသော မူပိုင်ခွင့်တရားရုံးများနှင့် တရားသူကြီးများက စီရင်ပိုင်ခွင့်အာဏာရှိသည်။

တရားမမှုများအတွက် စီရင်ပိုင်ခွင့်အာဏာ

၅။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွဲဆိုသော တရားမမူလမှု၊ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှု၊ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှု၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဆိုင်းငံ့မိန့်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အာဏာအပ်နှင်းထားသော မူပိုင်ခွင့်တရားရုံးများနှင့် တရားသူကြီးများက စီရင်ပိုင်ခွင့်အာဏာရှိသည်။

အခန်း (၃)

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ ရာဇဝတ်မှုများ အရေးယူခြင်း

၆။ မူပိုင်ခွင့်တရားရုံးသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ စွဲဆိုသော ရာဇဝတ်မှုများကို စစ်ဆေးစီရင်ရာ၌ ရာဇဝတ်ကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇။ မူပိုင်ခွင့်တရားရုံးသည် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အပါအဝင် မူပိုင်ခွင့်ဥပဒေများအရစွဲဆိုသော ရာဇဝတ်မှုများအတွက် ရာဇဝတ်မှတ်ပုံတင်စာအုပ်ကို သီးခြားဖွင့်လှစ်ရေးသွင်းရမည်။ ယင်းမှတ်ပုံတင်စာအုပ်အား "မူပိုင်ခွင့်ဥပဒေများဆိုင်ရာ ရာဇဝတ်မှတ်ပုံတင်စာအုပ်" ဟု အမည်တပ်ရမည်။ အမှုနံပါတ်အား ရာဇဝတ်ကြီးမှုအမှတ် – ... / ၂၀၂၃ (မူပိုင်ခွင့်) ဟု နံပါတ်တပ်ရမည်။

အခန်း (၄)

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ တရားမမှုများ စွဲဆိုခြင်း

၈။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ခ) အရ အခွင့်အရေးရရှိသူ (Right Holder) ကိုယ်တိုင်ကဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခွင့်အရေးရရှိသူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူက ဖြစ်စေ အမှုစွဲဆိုနိုင်သည်။

၉။ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်ခြင်းအတွက် စွဲဆိုသော တရားမမှုများကို ကာလစည်းကမ်းသတ်ဥပဒေတွင် သတ်မှတ်ထားသောကာလအတွင်းတွင် တရားစွဲဆိုရမည်။

၁၀။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို တရားမဝင်ကြောင်း ကြေညာပေးရန်ဖြစ်စေ၊ ပယ်ဖျက်ပေးရန်ဖြစ်စေ လျှောက်ထားမှုများနှင့်စပ်လျဉ်း၍ ဥပဒေအခန်း (၁၅) နှင့် (၁၉) ပါ ပြဋ္ဌာန်းချက်များအရသာ ဆောင်ရွက်ရမည်။

၁၁။ ဆိုလွှာကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ရေးသားဖော်ပြရမည်။ ထို့ပြင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးချိုးဖောက်ထားကြောင်း သိသာထင်ရှားစေမည့် အကြောင်းခြင်းရာများနှင့် တောင်းဆိုသည့် ငွေပမာဏကို တွက်ချက်မှုများနှင့်တကွ ပြည့်စုံစွာ ဖော်ပြရမည်။

၁၂။ မူပိုင်ခွင့်တရားရုံးသည်ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအပါအဝင်မူပိုင်ခွင့်ဥပဒေများအရမူပိုင်ခွင့် ထိပါးချိုးဖောက်ကြောင်း စွဲဆိုသည့်တရားမမှုများအတွက် တရားမမှတ်ပုံတင်စာအုပ်ကို သီးခြားဖွင့်လှစ်ရေးသွင်းရမည်။ ယင်းမှတ်ပုံတင်စာအုပ်အား "မူပိုင်ခွင့်ဥပဒေများဆိုင်ရာ တရားမမှတ်ပုံတင်စာအုပ်"ဟု အမည်တပ်ရမည်။ အမှုနံပါတ်အား တရားမကြီးမှုအမှတ် – ... / ၂၀၂၃ (မူပိုင်ခွင့်) ဟု နံပါတ်တပ်ရမည်။

ဆင့်ခေါ်စာချအပ်ခြင်း

၁၃။ မူပိုင်ခွင့်တရားရုံးသည် ဆိုလွှာကို လက်ခံရရှိသည့်အခါ တရားပြိုင်ထံ ချက်ချင်းဆင့်စာချအပ်စေရန် တရားလိုအား ညွှန်ကြားရမည်။ တရားလိုသည် မိမိစရိတ်ဖြင့် တရားပြိုင်အပေါ် ဆင့်ခေါ်စာချအပ်ရမည့်အပြင် ဆင့်ခေါ်စာနှင့်အတူ ဆိုလွှာမိတ္တူကို တရားပြိုင်ထံ ပူးတွဲပေးပို့ရမည်။

၁၄။ တရားလိုသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း တရားပြိုင်ထံ အမိန့်ဆင့်စာချအပ်ပြီးဖြစ်ကြောင်း မူပိုင်ခွင့်တရားရုံးသို့ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ဆိုလွှာအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့်နေ့ရက်သို့ သတ်မှတ်ချိန်းဆိုနိုင်သည်။ ထိုသို့ ချိန်းဆိုသည့်နေ့ရက်တွင် တရားလိုက ထပ်မံပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် အမှုအား ပလပ်နိုင်သည်။

နိုင်ငံခြားတွင်ရှိနေသော တရားပြိုင်

၁၅။ မူပိုင်ခွင့်တရားရုံးသည် နိုင်ငံရပ်ခြားတွင်ရှိနေသော တရားပြိုင်အား ဆင့်ဆိုရာ၌ တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များ၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှထုတ်ပြန်သည့်သက်ဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ဆင့်ဆိုရမည်။

နစ်နာကြေးတောင်းဆိုသောအမှုများတွင် တရားလိုက တင်ပြရမည့် သက်သေခံချက်များ

၁၆။ တရားလိုသည် နစ်နာကြေးတောင်းဆိုသောအမှုများတွင် အောက်ပါအချက်များကို အထောက်အထားဖြင့် တင်ပြရမည်–

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေအရ အခွင့်အရေးရရှိသူဖြစ်ခြင်း၊

(ခ) တရားပြိုင်သည် အဆိုပါအမှတ်တံဆိပ်ကို အသုံးပြုခဲ့ခြင်းနှင့် ထိုသို့အသုံးပြုခဲ့သည့်အတွက် အခွင့်အရေးရရှိသူ၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ခြင်း၊

(ဂ) အခွင့်အရေးရရှိသူ၏ အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်နေခြင်း၊

(ဃ) အများပြည်သူ သို့မဟုတ် သုံးစွဲသူများကို ထင်ယောင်ထင်မှားဖြစ်စေနိုင်ခြင်း၊

(င) တရားပြိုင်၏ တမင်တကာ သို့မဟုတ် ပေါ့လျော့မှုကြောင့်ဖြစ်ခြင်း၊

(စ) နစ်နာမှုပေါ်ပေါက်ခြင်းနှင့် နစ်နာမှုတန်ဖိုးမည်မျှရှိသည်ဆိုခြင်းကို စိစစ်နိုင်ရန်အတွက် အခြားလိုအပ်သည့် အထောက်အထားများ။

၁၇။ ကျော်ကြားသောအမှတ်တံဆိပ်ဖြစ်သည်ဟု အရေးဆိုသည့်အခါတွင် အမှတ်တံဆိပ်သည် မှတ်ပုံတင်ထားသည်ဖြစ်စေ၊ မှတ်ပုံမတင်ထားသည်ဖြစ်စေ ကျော်ကြားသောအမှတ်တံဆိပ်ဖြစ်ကြောင်းနှင့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်ဖြစ်ကြောင်းကို အထောက်အထားတင်ပြရမည်။

၁၈။ အမှတ်တံဆိပ်မူပိုင်ခွင့် အခွင့်အရေးထိပါးချိုးဖောက်မှုနှင့်စပ်လျဉ်း၍ မူလမှုကို စစ်ဆေးသော မူပိုင်ခွင့်တရားရုံးတွင် စွဲဆိုသောတရားမမှု၌ တရားပြိုင်က တရားလိုရရှိထားသော မူပိုင်ခွင့်သည် တရားမဝင်ပျက်ပြယ်နေကြောင်း ချေပသဖြင့် ကြားနာစစ်ဆေးလျက်ရှိပြီး ယင်းအချက်နှင့်စပ်လျဉ်း၍ တူညီသောအမှုသည်များအကြား ပုဒ်မ ၆၆ အရ စီရင်ပိုင်ခွင့်အာဏာအပ်နှင်းထားသော မူပိုင်ခွင့်တရားရုံးတွင်လည်း ကြားနာစစ်ဆေးလျက်ရှိပါက ထိပါးချိုးဖောက်မှုကိုစစ်ဆေးသည့် မူလမူပိုင်ခွင့်တရားရုံးသည် အဆိုပါအမှုအား ပုဒ်မ ၆၆ အရ စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးက စစ်ဆေးပြီးသည်အထိ ဆိုင်းငံ့ထားနိုင်သည်။

၁၉။ အမှတ်တံဆိပ်မှတ်ပုံတင်ထားကြောင်း ထင်ရှားစေလိုသူသည် အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်မူရင်း သို့မဟုတ် တာဝန်ခံမိတ္တူတင်ပြရမည်။

အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများအား အရေးယူဆောင်ရွက်ခြင်း

၂၀။ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် စွဲဆိုသောတရားမမှုများ၌ အခွင့်အရေးချိုးဖောက်ထားသည့် ကုန်ပစ္စည်းများကို ဥပဒေပုဒ်မ ၈၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကိုတားမြစ်ရန်၊ ဥပဒေပုဒ်မ ၈၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) အရ ကုန်သွယ်မှုလမ်းကြောင်းဈေးကွက်မှဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်သော်လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာတန်ဆာပလာများကို ဥပဒေပုဒ်မ ၈၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) အရ ကုန်သွယ်မှုလမ်းကြောင်း ဈေးကွက်မှဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန်သော်လည်းကောင်း သင့်လျော်သည့်အမိန့်ချမှတ်နိုင်သည်။ (**မူပိုင်ခွင့်ပုံစံ–၁**)

အခန်း (၅)

ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားခြင်း

၂၁။ မူပိုင်ခွင့်တရားရုံးသည် အခွင့်အရေးရရှိသူက နစ်နာမှုများအတွက် ဥပဒေပုဒ်မ ၇၉ အရ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန်နှင့် ဥပဒေပုဒ်မ ၈၀ အရ တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် လျှောက်ထားမှုများကို တရားမအထွေထွေမှု ဖွင့်လှစ်ဆောင်ရွက်ရမည်။

၂၂။ မူပိုင်ခွင့်ဥပဒေများအရ အခွင့်အရေး ထိပါးချိုးဖောက်ကြောင်း ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားမှုများ (တစ်ဖက်သတ် ယာယီအရေးယူပေးရန် လျှောက်ထားမှုများအပါအဝင်) အား မူပိုင်ခွင့်တရားရုံး၏ မူပိုင်ခွင့်ဆိုင်ရာ တရားမအထွေထွေမှတ်ပုံတင်စာအုပ်တွင် ရေးသွင်းရမည်။ အမှုနံပါတ်အား တရားမအထွေထွေမှုအမှတ် – ... / ၂၀၂၃ (မူပိုင်ခွင့်) ဟု နံပါတ်တပ်ရမည်။

၂၃။ လျှောက်ထားသူသည်-

(က) ဥပဒေပုဒ်မ ၇၉ အရ ယာယီအရေးယူဆောင်ရွက်ပေးရန် လျှောက်ထားရာတွင် အခွင့်အရေး ရရှိသူဖြစ်ကြောင်း၊ ၎င်း၏အခွင့်အရေးကို လျှောက်ထားခံရသူက ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန်အလားအလာရှိကြောင်း အထောက်အထားများအပြင် မူပိုင်ခွင့် တရားရုံးက အခြားလိုအပ်သည့်အထောက်အထားများ ထပ်မံတင်ပြရန် ညွှန်ကြားပါက တင်ပြရမည်။

(ခ) ဥပဒေပုဒ်မ ၈၀ အရ တစ်ဖက်သတ် ယာယီအရေးယူပေးရန် လျှောက်ထားရာတွင် အခွင့်အရေးရှိသူကို ကုစားမှုမရနိုင်သော ထိခိုက်နစ်နာမှုဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့်အန္တရာယ် အမှန်တကယ်ကျရောက် နေခြင်းရှိကြောင်း ဖော်ပြရမည်။

(ဂ) အဆိုပါအချက်များကို ကျမ်းကျိန်လွှာတစ်ရပ်ဖြင့်ဖြစ်စေ၊ ကျမ်းကျိန်လွှာအများဖြင့်ဖြစ်စေ ပူးတွဲ၍ တင်သွင်းလျှောက်ထားရမည်။ အဆိုပါကျမ်းကျိန်လွှာတွင် လျှောက်လွှာ၌ပါရှိသောအချက်များ မှန်ကန်ကြောင်း ဖော်ပြပါရှိရမည်။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးကသတ်မှတ်သည့် အချိန်တွင် လိုအပ်သော စာမှတ်စာတမ်းများကို မူပိုင်ခွင့်တရားရုံးသို့ တင်သွင်းရမည်။

၂၄။ မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) ပါ တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်နိုင်သည့် ကိစ္စရပ်များမှတစ်ပါး လျှောက်ထားခံရသူထံ ချက်ချင်းဆင့်စာချအပ်စေရန် လျှောက်ထားသူကို ညွှန်ကြားရမည်။ (**မူပိုင်ခွင့်ပုံစံ-၂**) လျှောက်ထားသူသည် မိမိစရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ဆင့်စာ ချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ လျှောက်ထားလွှာနှင့် လျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူများ၊ လျှောက်ထားလွှာနှင့်အတူ ပူးတွဲတင်ပြသော စာမှတ်စာတမ်းများ၏မိတ္တူများကို လျှောက်ထားခံရသူထံ ပူးတွဲပေးပို့ရမည်။

၂၅။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခံရသူအပေါ် အမိန့်ဆင့်စာချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ၎င်း၏လျှောက်ထားမှုအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့်နေ့ရက်သို့ ချိန်းဆိုသတ်မှတ်နိုင်သည်။ ထိုသို့ ချိန်းဆိုသတ်မှတ်သည့်နေ့ရက်တွင် လျှောက်ထားသူမှ ထပ်မံပျက်ကွက်လျှင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုကို ပယ်ရမည်။

၂၆။ လျှောက်ထားခံရသူသည် လျှောက်ထားမှုအပေါ်ဆင့်စာလက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်းဖြစ်စေ၊ မူပိုင်ခွင့်တရားရုံးက ခွင့်ပြုသည့်ရက်အတွင်းဖြစ်စေ ကန့်ကွက်လွှာတင်သွင်းရမည်။ ကန့်ကွက်လွှာပါ အချက်များအား မိမိသိရှိသမျှ မှန်ကန်သည်ဟုယုံကြည်ကြောင်းကို လျှောက်ထားခံရသူက ကျမ်းကျိန်လွှာနှင့် တစ်ပါတည်း တင်ပြရမည်။ ယင်းကန့်ကွက်လွှာနှင့်အတူ မိမိဘက်မှတင်ပြလိုသော စာမှတ်စာတမ်းများ အပြင် သက်သေခံအထောက်အထားများကိုပူးတွဲ၍ တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူသည် မူပိုင်ခွင့် တရားရုံးက သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းရန် ပျက်ကွက်ပါက ပျက်ကွက်သူနှင့် ပတ်သက်၍ ခုခံချေပခြင်း မပြုသကဲ့သို့ သတ်မှတ်ဆောင်ရွက်နိုင်သည်။

၂၇။ (က) ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် သို့မဟုတ် တစ်ဖက်သတ် ယာယီ အရေးယူဆောင်ရွက်သည့်အမိန့် ချမှတ်ပေးရန် လျှောက်ထားမှုတွင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားသူအား လုံလောက်သော ငွေသားအာမခံတင်သွင်းစေရန် သို့မဟုတ် သင့်သည် ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ခံဝန်ချုပ် ချုပ်ဆိုတင်ပြစေရန် ညွှန်ကြား နိုင်သည်။ (**မူပိုင်ခွင့်ပုံစံ-၃**)

(ခ) မူပိုင်ခွင့်တရားရုံး၏အာမခံငွေတင်သွင်းရန်၊ ခံဝန်ချုပ် ချုပ်ဆိုတင်ပြရန် ညွှန်ကြားချက်အား လျှောက်ထားသူက သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားချက်ကို ပယ်ရမည်။

၂၈။ မူပိုင်ခွင့်တရားရုံးသည်-

(က) လျှောက်ထားမှုအပေါ် ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (က) အရ သင့်သည်ထင်မြင်သည့် အမိန့်ချမှတ်ရမည်။

(ခ) ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို လျှောက်ထားခံရသူထံသို့ အသိပေးအကြောင်းကြားရမည်။ (**မူပိုင်ခွင့်ပုံစံ-၄**)

(ဂ) ယာယီအရေးယူ ဆောင်ရွက်သည့်အမိန့်ကို လိုက်နာခြင်းမရှိလျှင် တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၄၊ ပုဒ်မခွဲ (ဂ)၊ အမိန့် ၃၉ နည်းဥပဒေ ၂ တို့နှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၈၀ အရ တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ခဲ့ပါက လျှောက်ထားခံရသူထံသို့ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အသိပေး အကြောင်းကြားရမည်။

(ခ) ဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ မူပိုင်ခွင့်တရားရုံးက သီးခြားသတ်မှတ်သည့် ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့သတ်မှတ်ခြင်းမရှိလျှင် အကြောင်းကြားစာ ထုတ်ပြန်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားခံရသူက လိုက်နာခြင်းမရှိလျှင် အဆိုပါတစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) လျှောက်ထားခံရသူက အဆိုပါ တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့်အမိန့်အား ပြင်ဆင်၊ ပယ်ဖျက်ပေးရန် လျှောက်ထားလာလျှင် မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (ဂ) အရ သင့်လျော်သောကာလအတွင်း နှစ်ဖက်ကြားနာပြီး အဆိုပါတစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့်အမိန့်အား ပြင်ဆင်သည့်၊ ပယ်ဖျက်သည့် သို့တည်းမဟုတ် အတည်ပြုသည့်အမိန့်ကို ချမှတ်ရမည်။

(ဃ) တစ်ဖက်သတ်ယာယီအရေးယူဆောင်ရွက်သည့်အမိန့်ကိုဖြစ်စေ၊အဆိုပါအမိန့်ကိုပြင်ဆင်သည့် သို့မဟုတ် အတည်ပြုသည့်အမိန့်ကိုဖြစ်စေ လျှောက်ထားခံရသူက လိုက်နာခြင်းမရှိလျှင် အရေးယူဆောင်ရွက်ချက်များကိုပြီးမြောက်ရန် မူပိုင်ခွင့်တရားရုံးသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၄၊ ပုဒ်မခွဲ (ဂ)၊ အမိန့် ၃၉ နည်းဥပဒေ ၂ တို့နှင့် အညီ ဆောင်ရွက်ရမည်။

၃၀။ မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ခြင်းမရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားသူက ထိခိုက်နစ်နာမှုအပေါ်တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် မူပိုင်ခွင့်တရားရုံးသည် ဥပဒေပုဒ်မ ၈၀၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၈၀၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

၃၁။ ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (c) အရ ယာယီအရေးယူဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ ရပ်စဲလျှင်ဖြစ်စေ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ်

ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါအရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သောထိခိုက်နစ်နာမှုများအတွက် နှစ်ဖက်ကြားနာပြီးနောက် သင့်လျော်သောလျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၃၂။ မူပိုင်ခွင့်တရားရုံးသည် အဆိုပါလျော်ကြေးငွေကို လျှောက်ထားသူက တရားရုံးသို့ တင်သွင်းထားသည့် အာမခံငွေထဲမှပေးစေရန် အမိန့်ချမှတ်နိုင်သည်။

ယာယီအရေးယူဆောင်ရွက်သည့်အမိန့်၏ အကျိုးသက်ရောက်မှု

၃၃။ ယာယီအရေးယူဆောင်ရွက်သည့်အမိန့်၏ အကျိုးသက်ရောက်မှုသည် ယင်းအမိန့်အား လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးက ဥပဒေပုဒ်မ ၇၉၊ ပုဒ်မခွဲ (ဃ) အရ ရုပ်သိမ်းခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲစေသည့်အမိန့်ချမှတ်ခဲ့ခြင်းမရှိလျှင် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေပါ မူပိုင်ခွင့်အခွင့်အရေး ထိပါးချိုးဖောက်သည့်အတွက် စွဲဆိုသောတရားမမူလမှု စီရင်ချက်ချမှတ်ချိန်အထိသာ အတည်ဖြစ်သည်။

အခန်း (၆)

အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားခြင်း

၃၄။ အေဂျင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၆၆ အရ သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၃၅။ အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ်မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားတောင်းဆိုနိုင်သူမှာ အေဂျင်စီထံ တင်သွင်းသည့် အယူခံမှုတွင် ပါဝင်ခဲ့သည့်သူဖြစ်ရမည်။

၃၆။ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် မူပိုင်ခွင့်တရားရုံး၏ စီရင်ချက်သည် အေဂျင်စီအပေါ်တွင် စည်းနှောင်မှုရှိသဖြင့် လျှောက်ထားခံရသူအဖြစ် အေဂျင်စီနှင့် ယင်း၏ဆုံးဖြတ်ချက်ကြောင့် အကျိုးရရှိသူတို့ ပါဝင်စေရမည်။

၃၇။ အေဂျင်စီ၏ဆုံးဖြတ်ချက်အပေါ် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားမှုတွင် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည့်သူနှင့်ပတ်သက်၍ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၈။ မူပိုင်ခွင့်တရားရုံးသည် အေဂျင်စီ၏ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်ပယ်ဖျက်ပေးရန် လျှောက်ထားမှုများအား "မူပိုင်ခွင့်ဆိုင်ရာ လျှောက်ထားမှုမှတ်ပုံတင်စာအုပ်" တွင် ရေးသွင်းရမည်။ (**မူပိုင်ခွင့်ပုံစံ–၅**)

၃၉။ (က) လျှောက်ထားလွှာနှင့်အတူမူပိုင်ခွင့်တရားရုံးက သုံးသပ်ဆုံးဖြတ်ပေးစေလိုသော အေဂျင်စီ၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်နှင့်အမှုတွဲ၏ တာဝန်ခံမိတ္တူတစ်စုံ ပူးတွဲပါရှိရမည့်အပြင် လျှောက်ထားလွှာကို ထောက်ခံသည့်ကျမ်းကျိန်လွှာတစ်ရပ်ဖြင့်ဖြစ်စေ၊ ကျမ်းကျိန်လွှာအများဖြင့် ဖြစ်စေပူးတွဲ၍ တင်သွင်းလျှောက်ထားရမည်။ ယင်းကျမ်းကျိန်လွှာတွင် လျှောက်ထားလွှာ၌ ပါရှိသောအချက်များ မှန်ကန်ကြောင်းကိုလည်း ဖော်ပြရမည်။ လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်အချိန်တွင် လိုအပ်သော စာမှတ်စာတမ်းများကို မူပိုင်ခွင့်တရားရုံးသို့ တင်သွင်းရမည်။

(ခ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားလွှာကို လက်ခံရရှိသည့်အခါ အပိုဒ်ခွဲ (က) ပါ အချက်များ ပြည့်စုံမှု ရှိ မရှိ စိစစ်ပြီး ပြည့်စုံမှုရှိလျှင် တရားမအထွေထွေမှု ဖွင့်လှစ်ရမည်။ အမှုနံပါတ်အား တရားမအထွေထွေမှုအမှတ် – ... / ၂၀၂၃ (မူပိုင်ခွင့်) ဟု နံပါတ်တပ်ရမည်။

(ဂ) ထို့နောက် လျှောက်ထားခံရသူထံ ချက်ချင်းဆင့်စာချအပ်စေရန် မူပိုင်ခွင့်တရားရုံးက လျှောက်ထားသူအား ညွှန်ကြားရမည်။ (**မူပိုင်ခွင့်ပုံစံ–ဖ**) လျှောက်ထားသူသည် မိမိစရိတ်ဖြင့် လျှောက်ထားခံရသူအပေါ် ဆင့်စာချအပ်ရမည့်အပြင် ဆင့်စာနှင့်အတူ လျှောက်ထားလွှာနှင့် လျှောက်ထားလွှာကို ထောက်ခံသော ကျမ်းကျိန်လွှာမိတ္တူများ၊ အေဂျင်စီ၏ဆုံးဖြတ်ချက် အမိန့်မိတ္တူ၊ အမှုတွဲ သို့မဟုတ် မှုခင်းမှတ်တမ်းမိတ္တူတို့ကို လျှောက်ထားခံရသူထံ ပူးတွဲ ပေးပို့ရမည်။

(ဃ) လျှောက်ထားသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားခံရသူ အပေါ်အမိန့်ဆင့်စာချအပ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာဖြင့် တင်ပြရမည်။ ထိုသို့ တင်ပြရန် ပျက်ကွက်ပါက မူပိုင်ခွင့်တရားရုံးသည် ၎င်း၏လျှောက်ထားမှုအား ပယ်နိုင်သည် သို့မဟုတ် သင့်လျော်သည့်နေ့ရက်သို့ ချိန်းဆိုသတ်မှတ်နိုင်သည်။ ထိုသို့ ချိန်းဆိုသတ်မှတ်သည့်နေ့ရက်တွင် လျှောက်ထားသူက ထပ်မံပျက်ကွက်လျှင် မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားမှုကို ပယ်ရမည်။

(င) လျှောက်ထားခံရသူ (များ) သည် ကြားနာရန်နေ့ရက်မတိုင်မီ မူပိုင်ခွင့်တရားရုံးသို့ ပြန်ကြားလွှာ (၂) စုံ တင်သွင်းရမည်။ (**မူပိုင်ခွင့်ပုံစံ–ဂ**) ပြန်ကြားလွှာပါအချက်များအား မိမိသိရှိသမျှ မှန်ကန်သည်ဟု ယုံကြည်ကြောင်းကို လျှောက်ထားခံရသူက ကျမ်းကျိန်လွှာနှင့်တစ်ပါတည်း တင်ပြရမည်။ ယင်းပြန်ကြားလွှာနှင့်အတူ မိမိဘက်မှတင်ပြလိုသော စာမှတ်စာတမ်းများ အပြင် သက်သေခံအထောက်အထားများကို တင်သွင်းနိုင်သည်။ လျှောက်ထားခံရသူသည် မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့်ရက်အတွင်း ပြန်ကြားလွှာ တင်သွင်းရန် ပျက်ကွက်ပါက ပျက်ကွက်သူနှင့်စပ်လျဉ်း၍ ခုခံချေပခြင်းမပြုသကဲ့သို့ သတ်မှတ်ဆောင်ရွက်နိုင်သည်။ ပြန်ကြားလွှာကို မူပိုင်ခွင့်တရားရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်နိုင်သည် သို့မဟုတ် အခြား ပြန်ကြားလွှာတစ်ခုခုဖြင့် အစားထိုးတင်သွင်းနိုင်သည်။

[ဆက်လက်ဖော်ပြပါမည်။]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် (၄/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို မှတ်ပုံတင်အမှတ် (၂၇)၊ ၁–ဖ–၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၆၇/၂၀၁၀ ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ပြုခဲ့ပါသည်။

၂။ **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** က ၂၁-၃-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ က/၀၀၁ (အင်း) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ဖျက်သိမ်းပေးပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ၏ ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၉ (က) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီကို ဖျက်သိမ်းရန် အတည်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **အင်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းလိုက်သည်။

သိန်းစိုး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ခရီးသွားလုပ်ငန်းကော်မတီ
အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၂ ရက်)

မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါ အတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်-

(က)	ဦးမျိုးအောင်	ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	ဥက္ကဋ္ဌ
(ခ)	ဦးသိန်းဌေး	စီးပွားရေးရာဝန်ကြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးမြင့်လွင်	တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(ဃ)	ရဲမှူးကြီး မောင်မောင်အေး	ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး	အဖွဲ့ဝင်
(င)	ဒေါက်တာ သန်းထိုက်	ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)	အဖွဲ့ဝင်
(စ)	ဦးကျော်မျိုးဝင်း	ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)	အဖွဲ့ဝင်

(ဆ)	ဦးစိုးတင့်	ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန	အဖွဲ့ဝင်
(ဇ)	ဒေါ်မာမာလွင်	ဒုတိယညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန	အဖွဲ့ဝင်
(စျ)	ဦးလင်းလင်းထွန်း	ခရီးသွားလုပ်ငန်းတတ်သိပညာရှင် ဥက္ကဋ္ဌ၊ ဟိုတယ်ဆိုင်ရာကျွမ်းကျင်ပညာရှင်များအသင်း	အဖွဲ့ဝင်
(ည)	ဦးကျော်မျိုးထိုက်	ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)	အဖွဲ့ဝင်
(ဋ)	ဦးမင်းနိုင်	ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)	အဖွဲ့ဝင်
(ဌ)	ဒေါက်တာ ခင်မောင်ထွေး	ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ပြင်ဦးလွင်ဇုန်)	အဖွဲ့ဝင်
(ဍ)	ဦးဇော်မျိုးလတ်	တာဝန်ခံ၊ မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန	အတွင်းရေးမှူး

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၆-၇-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၁၊ ၂၇-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၁ နှင့် ၁၈-၃-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အောင်သော်

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်)

အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (c) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေး

လုပ်ငန်း လုပ်ကိုင်လိုသည့် အောက်ပါအဖွဲ့အစည်း (၇) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ထုတ်ပေးလိုက်သည်–

စဉ်	အဖွဲ့အစည်းအမည်	လိုင်စင်အမှတ်
၁။	ကေတီဂျီကုမ္ပဏီလီမိတက်	၀၂၄၉/၂၀၂၂
၂။	Henry Hight Technology Microfinance Co.,Ltd	၀၂၉၄/၂၀၂၂
၃။	ရှမ်းငွေပဒေသာအသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်	၀၃၀၂/၂၀၂၂
၄။	Enormous Money Spinner Microfinance Co.,Ltd	၀၃၁၃/၂၀၂၂
၅။	Banda Microfinance Myanmar Co.,Ltd	၀၃၁၄/၂၀၂၃
၆။	Standardize Microfinance Co.,Ltd	၀၃၂၃/၂၀၂၂
၇။	Microfinance Myanmar Treasure Co.,Ltd	၀၃၃၁/၂၀၂၂

အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၃)

အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (c) နှင့် ပုဒ်မ ၂၄ တို့အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ပိတ်သိမ်းခြင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဝင်များ၏ သဘောတူဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီမှ အတည်ပြုပြီးဖြစ်သော အသေးစားငွေရေးကြေးရေး လုပ်ငန်း ပိတ်သိမ်းသည့် အောက်ပါအဖွဲ့အစည်း (၉) ဖွဲ့အား အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်များ ပိတ်သိမ်းလိုက်သည်–

စဉ်	အဖွဲ့အစည်းအမည်	လိုင်စင်အမှတ်
၁။	ဘဝနေခြည်လူမှုဘဝမြှင့်တင်ရေးအဖွဲ့	၀၀၂၄/၂၀၁၂
၂။	The Association of Medical Doctors of Asia	၀၀၅၂/၂၀၁၂
၃။	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း	၀၀၅၅/၂၀၁၂
၄။	မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်း	၀၀၅၆/၂၀၁၂
၅။	ဧရယျာပဒေသာစေတနာအသေးစားငွေရေးကြေးရေးလုပ်ငန်း	၀၁၆၉/၂၀၁၃
၆။	တသုန်သုန်ကုမ္ပဏီလီမိတက်	၀၁၈၁/၂၀၁၃
၇။	မြန်မာရွှေရိုးဗက်(စ်)နက်(စ်)ဂရုကုမ္ပဏီလီမိတက်	၀၂၅၀/၂၀၁၅
၈။	မိသားစုနှင့် သူငယ်ချင်းများစွမ်းအား ကုမ္ပဏီလီမိတက်	၀၂၅၄/၂၀၁၅
၉။	Silver Crown Microfinance Co.,Ltd	၀၃၂၄/၂၀၁၉

ဝင်းရှိန်
ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၂၄ ရက်)

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီသည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ **အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က)	ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဝန်ကြီးချုပ်	ဥက္ကဋ္ဌ
(ခ)	ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ (၁)
(ဂ)	ပြည်ထောင်စုဝန်ကြီး စက်မှုဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ (၂)
(ဃ)	ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ပြည်ထောင်စုဝန်ကြီး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဆ)	ပြည်ထောင်စုဝန်ကြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန	အဖွဲ့ဝင်
(ဇ)	နေပြည်တော်ကောင်စီဥက္ကဋ္ဌ	အဖွဲ့ဝင်
(စျ)	ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(ည)	ဝန်ကြီးချုပ် ကယားပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(ဋ)	ဝန်ကြီးချုပ် ကရင်ပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်

(၌)	ဝန်ကြီးချုပ် ချင်းပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(၍)	ဝန်ကြီးချုပ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(၎)	ဝန်ကြီးချုပ် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(၏)	ဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(တ)	ဝန်ကြီးချုပ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(ထ)	ဝန်ကြီးချုပ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(ဒ)	ဝန်ကြီးချုပ် မွန်ပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(ဓ)	ဝန်ကြီးချုပ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(နဝ)	ဝန်ကြီးချုပ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(ပ)	ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့	အဖွဲ့ဝင်
(ဖ)	ဝန်ကြီးချုပ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့	အဖွဲ့ဝင်
(ဗ)	ဒုတိယဝန်ကြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဘ)	ဒုတိယဝန်ကြီး (ဘဏ္ဍာရေး) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(မ)	ဒုတိယဝန်ကြီး ပြန်ကြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ယ)	ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(ရ)	ဒုတိယဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(လ)	ဒုတိယဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	အဖွဲ့ဝင်

(ဝ)	ဒုတိယဝန်ကြီး အလုပ်သမားဝန်ကြီးဌာန	အဖွဲ့ဝင်
(သ)	ဒုတိယဝန်ကြီး ပညာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဟ)	ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(ဠ)	ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(အ)	ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်	အဖွဲ့ဝင်
(ကက)	ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)	အဖွဲ့ဝင်
(ခခ)	ဥက္ကဋ္ဌ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်	အဖွဲ့ဝင်
(ဂဂ)	ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံဘဏ်များအသင်း	အဖွဲ့ဝင်
(ဃဃ)	ဥက္ကဋ္ဌ မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းချုပ် (MYEA)	အဖွဲ့ဝင်
(ငင)	ဥက္ကဋ္ဌ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA)	အဖွဲ့ဝင်
(စစ)	ဒုတိယဝန်ကြီး စက်မှုဝန်ကြီးဌာန	အတွင်းရေးမှူး
(ဆဆ)	ညွှန်ကြားရေးမှူးချုပ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန စက်မှုဝန်ကြီးဌာန	တွဲဖက်အတွင်းရေးမှူး

၂။ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အသေးစား၊အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်နိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကိုစုဆောင်း၍ ဗဟိုကော်မတီသို့ သုံးသပ်တင်ပြခြင်း၊

(ခ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အဟန့်အတားဖြစ်နေသော ကိစ္စရပ်များအား ကျော်လွှားနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊

(ဂ) စျေးကွက်များ ချဲ့ထွင်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပ စီးပွားရေးစျေးကွက်များနှင့် ကျယ်ပြန့်စွာ ချိတ်ဆက်နိုင်ရေးကို ပံ့ပိုးကူညီဆောင်ရွက်ခြင်း၊

(ဃ) ကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ပြည့်မီအောင် လေ့ကျင့်ပျိုးထောင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(c) နည်းပညာလိုအပ်ချက်များအတွက် ပြည်တွင်း ပြည်ပ အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်၍ ပညာပေးမြှင့်တင်ခြင်း၊

(စ) ပြည်တွင်း ပြည်ပမှ ငွေကြေးအကူအညီများ ရယူနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရ သို့မဟုတ် ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများ၊ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းများ၊ ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဘဏ်များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အသေးစားငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးဆောင်ရွက်ပေးခြင်း၊

(ဇ) နည်းပညာနှင့် စီးပွားရေးဆိုင်ရာအကြံပြုချက်များ ရယူဖြန့်ဖြူးနိုင်ရန် ပြည်တွင်း ပြည်ပ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စျ) အစိုးရဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများရှိ နည်းပညာဆိုင်ရာ သုတေသနဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းသုံးသပ်မှုနှင့် ညှိနှိုင်းအကောင်အထည်ဖော်ရေးအဖွဲ့တို့ကို ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဋ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဌ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သည့် ထောက်ပံ့ခွဲဝေမှုရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဎ) ဒေသအသီးသီးရှိ ထုတ်လုပ်မှု ကဏ္ဍများနှင့် ရောင်းဝယ်မှု ကဏ္ဍများအား အချင်းချင်းချိတ်ဆက်မှုဖြစ်လာစေရန် စီမံဆောင်ရွက်ပေးခြင်း။

၃။ လုပ်ငန်းကော်မတီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ရမည်။

၄။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၆-၁၁-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၁၊ ၁၃-၁၀-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ နှင့် ၂၆-၁၂-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၂ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာ ချာလီသန်း
အတွင်းရေးမှူး
အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ
ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

[ယခင်အပတ် အခွန်အယူခံခုံအဖွဲ့ ၂၀၂၂ ခုနှစ်၊ အကောက်ခွန်ပြန်လည်သုံးသပ်မှုအမှတ်-၁၀ မှ အဆက်]

လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက လျှောက်ထားခံရသူ၏ ချေပချက်အပေါ် လျှောက်ထားသူဘက်က အခြားကုမ္ပဏီနှစ်ခုအပေါ် RF $^{1}/_{24}$ AV ဖြင့် ရွှေးယူခွင့်ပေးအပ်ခြင်းကို အဓိကအားကိုးအားထားပြုတင်ပြခြင်းဖြစ်ပါကြောင်း၊ လျှောက်ထားခံရသူက ယင်းအချက်အပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ကန့်ကွက်ခြင်းမရှိသည်ကိုတွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ မိမိ၏ တင်ပြချက်သည်မှန်ကန်ကြောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၈၊ နည်းဥပဒေ (၅) တွင် အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ ထိုအချက်ကို ယခင်အယူခံခုံအဖွဲ့က ထည့်သွင်းသုံးသပ်ထားခြင်းမရှိခြင်းသည် လျှောက်ထားသူအား နစ်နာစေပါကြောင်း၊ သို့ဖြစ်၍ ယခုအမှုတွင် ဤအချက်ကို အလေးအနက်ထား ထည့်သွင်းသုံးသပ်ပေးပါရန် လေးစားစွာလျှောက်လဲအပ်ပါကြောင်း၊ ကုမ္ပဏီနှစ်ခု၏ သွင်းကုန်လိုင်စင်တွင်ပါရှိသော စည်းကမ်းချက် (Condition) နှင့် လိုက်လျောညီထွေမှု ရှိ မရှိ လျှောက်ထားခံရသူဌာနဆိုင်ရာကိုယ်စားလှယ်က ရုံးတော်သို့ ချေပလျှောက်လဲရန်တာဝန်ရှိပါကြောင်း၊ တင်ပြခွဲခြင်းမရှိပါကြောင်း၊ ကုမ္ပဏီနှစ်ခုအပေါ် သတ်မှတ်ထားသည့် စည်းကမ်းချက်ကို ရုံးတော်သို့တင်ပြရန် တာဝန်ရှိသည့်အတွက် ထိုအချက်ကို မိမိအနေဖြင့် ကန့်ကွက်ပါကြောင်း၊ရုံးတော်မှ ထိုအချက်များကို ယှဉ်ထိုး၍သုံးသပ်ပေးစေချင်ပါကြောင်း၊ထိုအချက်သည် အရေးကြီးသော အချက်ပင်ဖြစ်ပါကြောင်း၊ တစ်ဖက်ကုန်ပို့သူသည် Covid ကာလ အဝင်အထွက် တင်းကျပ်နေချိန်ကို အခွင့်ကောင်းယူ၍ လျှောက်ထားသူက တစ်ဖက်ကုန်ပို့နိုင်ငံသို့ မှာယူခဲ့သည်မှာ Model Year–2019 ဖြစ်ပြီး တစ်ဖက်ကုန်ပို့နိုင်ငံက တင်ပို့သည်မှာ Model Year–2017 ဖြစ်ခြင်းသည် ကုန်ပို့သူဘက်က မရိုးမသားလုပ်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ မရိုးမသားလုပ်ဆောင်ခြင်းကို အထောက်အထားတင်ပြရန်ဆိုခြင်းသည် တစ်ဖက်သတ်ဆုံးဖြတ်ရာရောက်ပါကြောင်း၊ ထိုအချက်ကိုလည်း ရုံးတော်မှ ထည့်သွင်းစဉ်းစားပေးစေချင်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌက "တရားမဝင်ကုန်သွယ်မှုများလျော့နည်းပပျောက်စေရေးအတွက် ၂၀၂၂ ခုနှစ်၊ သြဂုတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သည့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် ၄/၂၀၂၂ အစည်းအဝေးအမှာစာတွင် တရားမဝင် ကုန်သွယ်သော ပစ္စည်းများကို ထိရောက်စွာအရေးယူမှုဆောင်ရွက်ရမည်။ ကုန်သည်လုပ်ငန်းရှင်များသည် ကုန်သွယ်မှုလမ်းကြောင်းအမှန်အပေါ် ရောက်ရှိရန်အတွက် တတ်နိုင်သမျှ တည့်မတ်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်သူများအား အသိပညာပေးခြင်းနှင့် လမ်းကြောင်းအမှန်အပေါ် ရောက်ရှိစေရေးအတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တည့်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အစုအဖွဲ့များ၊ OSS အဖွဲ့များအနေဖြင့် တရားမဝင်ကုန်ပစ္စည်းများကို ထိရောက်စွာဖမ်းဆီးနိုင်ရေးကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သကဲ့သို့ ကုန်သွယ်မှုလုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုများ မှန်မှန်ကန်ကန်ဆောင်ရွက်တတ်စေရေးနှင့် လမ်းကြောင်းအမှန်အပေါ်ရောက်ရှိစေရေးအတွက် ကူညီထိန်းကျောင်းပေးရန်လိုအပ်ပါကြောင်း" မိန့်မှာချက်ပြုခဲ့ပါကြောင်း၊ ကုန်သွယ်မှုလမ်းကြောင်းအမှန်အပေါ်ရောက်ရှိနေသော ပုဂ္ဂိုလ်များတွင် မတော်တဆမှားယွင်းချွတ်ချော်မှုများ ရှိပါက ပြန်လည်တည့်မတ်ပေးရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဟူသည့် မိန့်မှာချက်ဖြစ်ပါကြောင်း၊ သဘာဝကျသောအချက်ဖြစ်ပါကြောင်း၊ လျှောက်ထားသူ၏ ယာဉ်သည် တရားမဝင်လမ်းကြောင်းမှ သွားခြင်းမဟုတ်ဘဲ တရားဝင်လမ်းကြောင်းမှ သွားခြင်းဖြစ်ပါကြောင်း၊ အရှေ့တွင် လျှောက်ထားသူ၏ အကျိုးဆောင်ရှေ့နေက အားကိုးအားထားပြုတင်ပြသည့် ကုမ္ပဏီနှစ်ခု၏ ယာဉ်အစီး (၅၀) ကဲ့သို့ လျှောက်ထားသူ၏ ယာဉ်များကိုလည်း Redemption Find $^{1}/_{24}$ AV ဖြင့် ဒဏ်ရိုက်၍ Customs Duty နှင့် Commercial Tax များ ထမ်းဆောင်ခွင့်ပြုစေလိုပါကြောင်း ထပ်မံလျှောက်ထားတင်ပြသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့် အပြင် အမှုတွဲပါ စာတမ်းအမှတ်အသားများ၊ သက်သေခံချက်များကို အသေးစိတ်သေချာစွာကြည့်ရှုလေ့လာခဲ့ပါသည်။ ထိုသို့လေ့လာခဲ့ရာတွင် မူလအယူခံမှုအမှတ် ၁၄/၂၀၂၁ စီရင်ချက်တွင် အခင်းဖြစ်ယာဉ် အမျိုးအမည်ကို CAMC အစား CHENGLONG ဟု ကွဲလွဲဖော်ပြထားသည်။ အဆိုပါ မှားယွင်းချက်သည် သဘောရိုးဖြင့်မှားယွင်းမှုဖြစ်သောကြောင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၂ အရ ခုံအဖွဲ့က ယာဉ်အမျိုးအမည်ကို CAMC ဟု ပြင်ဆင်သည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက ပြန်လည်သုံးသပ်ပေးစေလိုမှု လျှောက်ထားချက်တွင် Soueast Motor Myanmar Co.,Ltd နှင့် Farmer Auto Trading Co.,Ltd တို့၏ ယာဉ်တင်သွင်းမှုနှင့်ပတ်သက်သော စာရွက်စာတမ်းများကို တင်ပြထားပြီး၊ ယင်းကုမ္ပဏီနှစ်ခုမှ တင်သွင်းလာသောယာဉ်များကို အကောက်ခွန်ဦးစီးဌာနက ဒဏ်ကြေးတပ်ရိုက်၍ ခွင့်ပြုခဲ့သောကြောင့် မိမိ၏ကုမ္ပဏီက တင်သွင်းလာသောယာဉ်များကိုလည်းပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း မပြုဘဲ ဒဏ်ကြေးတပ်ရိုက်၍ ခွင့်ပြုပေးစေလိုကြောင်း အဓိကထားကိုးကားတင်ပြထားကြောင်း သုံးသပ်သည်။ အဆိုပါ Soueast Motor Myanmar Co.,Ltd နှင့် Farmer Auto Trading Co.,Ltd တို့၏ ယာဉ်များအပေါ် အရေးယူဆောင်ရွက်ခဲ့သည့် အမှုကိစ္စသည် ယခုကြားနာစစ်ဆေးသည့် Monsoon Wave Limited က တင်သွင်းသော အခင်းဖြစ်ယာဉ် အမှုကိစ္စနှင့်ဆက်စပ်မှုမရှိကြောင်း သုံးသပ်သည်။ ယခုအမှုတွင် လျှောက်ထားသူကုမ္ပဏီသည် အခင်းဖြစ်ယာဉ်များကို တင်သွင်းလာခြင်းသည် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇ ဧယား (၇) ပါ သတ်မှတ်ချက်များနှင့်ငြိစွန်းသဖြင့် အကောက်ခွန်ဦးစီးဌာန၏ အရေးယူဆောင်ရွက်ချက်သည် မှားယွင်းသည်ဟုမဆိုနိုင်ကြောင်းနှင့် ဥပဒေ၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်းကို အကောက်ခွန်အယူခံမှုအမှတ် ၁၄/၂၀၂၁ တွင် ခုံအဖွဲ့က သုံးသပ်ခဲ့ပြီးဖြစ်သည်။ လျှောက်ထားသူက ယခင်အယူခံမှု ၁၄/၂၀၂၁ တွင် တင်ပြခဲ့သော ဦးကျင်ဟုတ် စီရင်ထုံး၊ သလ္လာဝတီစီရင်ထုံးတို့ကို ယခုပြန်လည်သုံးသပ်မှုတွင် ထပ်မံတင်ပြထားရာ အဆိုပါ စီရင်ထုံးများပါ တင်သွင်းသော ကုန်ပစ္စည်းများသည် ယခုအမှုပါ ကုန်ပစ္စည်းများကဲ့သို့ နိုင်ငံတော်က သတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုသော ကုန်ပစ္စည်းများအပေါ် ဖြစ်ပွားသည့် အမှုအခင်းများမဟုတ်သည်ကို သတိပြုသင့်သည်။ ယခုအမှုပါယာဉ်များသည် နိုင်ငံတော်က မည်သည့်ခုနှစ်အတွင်း ထုတ်လုပ်သောယာဉ်ကိုသာ တင်သွင်းရမည်ဟူသော သတ်မှတ်ချက်များထုတ်ပြန်ထားသည့် ကုန်ပစ္စည်းများဖြစ်၍ စီရင်ထုံးပါ ကုန်ပစ္စည်းများနှင့် သဘောသဘာဝချင်းတူညီမှုမရှိကြောင်း သုံးသပ်သည်။ ရာဖြတ်လက်စွဲပြဋ္ဌာန်းချက်များ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ နှင့် ၃/၂၀၂၀ ပါ သတ်မှတ်ချက်များစသည့် အကြောင်းခြင်းရာများနှင့်စပ်လျဉ်း၍ ယခင်အခွန်အယူခံခုံအဖွဲ့က ပြည့်စုံစွာ သုံးသပ်ထားသည်ဟု မှတ်ယူသည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း အနေဖြင့် ယခုပြန်လည်သုံးသပ်မှု၌တင်ပြသော လျှောက်ထားချက်များသည် ယခင်ဆုံးဖြတ်ချက်ကို ပြောင်းလဲပေးရန် ခိုင်မာသောအချက်များမပါရှိကြောင်း သုံးသပ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

အမိန့်

အခွန်အယူခံခုံအဖွဲ့၏ ၂၇-၄-၂၀၂၂ ရက်စွဲပါ၊ ၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၁၄ တွင် ချမှတ်ခဲ့သည့်အမိန့်ကိုအတည်ပြု၍ ဤပြန်လည်သုံးသပ်ပေးစေလိုမှုကို ပလပ်လိုက်သည်။

ကျော်ကျော်	ဝင်းနိုင်	ဦးကြည်
အဖွဲ့ဝင်	ခုံအဖွဲ့ခေါင်းဆောင်	အဖွဲ့ဝင်
	အခွန်အယူခံခုံအဖွဲ့	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပြည်ထဲရေးဝန်ကြီးဌာန

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး (၂) ဦးတို့အား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့မှစ၍ ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

(၁) စ/၀၂၉၇ ညွှန်ကြားရေးမှူး ကယားပြည်နယ်ရုံး
ဦးမောင်မောင်လွင်
ပဲခူးတိုင်းဒေသကြီးရုံး

(၂) စ/၀၉၇၈ ညွှန်ကြားရေးမှူး ပဲခူးတိုင်းဒေသကြီးရုံး
ဦးညိုဝင်း
ကယားပြည်နယ်ရုံး

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၂၃)

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၂၃ ခုနှစ်၊ မတ်လ ၁၇ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူးချုပ် (၂) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ၂၀၂၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူးချုပ်) တွင် အတည်ပြု ခန့်ထားလိုက်သည်-

(၁) ရဲ ၂၁၁၃ ယာယီရဲမှူးချုပ် ကျော်လင်း
ဌာနကြီးမှူး
မှုခင်းနှင့် ဥပဒေရေးရာဌာနကြီး
မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်

(၂) ရဲ ၁၇၃၁ ယာယီရဲမှူးချုပ် ဇော်လင်းထွန်း
တပ်ဖွဲ့မှူး
အမှတ် (၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့
(နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး-တွဲ)

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၂၅ ရာထူး (ရေ-၁၂) ၂၀၂၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် ဧရာဝတီရေတပ်စခန်းဌာနချုပ်မှ ဦးစီးအရာရှိ (ဒုတိယတန်း) (စစ်ထောက်) ရေ ၄၂၈၂ ဗိုလ်မှူး ဉာဏ်မျိုးထက် အား ၂၀၂၃ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၆၆/၂၀၂၃)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၃ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အောက်ဖော်ပြပါ အရာရှိ (၂) ဦးတို့အား ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်-

(၁) ကြည်း ၅၁၁၀၇ ဗိုလ်ကြီး အေးမြင့်ထွန်း
အမှတ် (၁၃) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း

(၂) ကြည်း ၆၃၄၅၈ ဗိုလ်ကြီး ကျော်ပြည့်စုံအောင်
အမှတ် (၁၉) ခြေလျင်တပ်ရင်း

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၆၈/၂၀၂၃)

မီးသတ်ဦးစီးဌာန၊ မကွေးခရိုင်မီးသတ်ဦးစီးမှူးရုံးမှ (မ ၀၇၀၂) ဒုတိယမီးသတ်ဦးစီးမှူး ဒေါ်ချိုချိုမာ အားမူလရာထူးအဆင့်ဖြစ်သော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ပြန်လည်တိုးမြှင့်ခန့်ထားပြီး လက်ရှိဒေသ၌ပင် တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၂၀ ရက်)

၂၀၂၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၂၃) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အောက်ဖော်ပြပါအမှုထမ်း (၁၀) ဦးတို့အား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

စဉ်	**အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန**	**တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန**
(က)	ဒေါ်မြတ်လင်းခိုင်	
	စာရင်းကိုင်-၁	ဦးစီးအရာရှိ (ဘဏ္ဍာ)
	(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	စီမံ/ ဘဏ္ဍာဌာနခွဲ၊ နေပြည်တော်	အမျိုးသားပြတိုက် (နေပြည်တော်)

စဉ်	အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန	တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန
(ခ)	ဒေါ်ခင်မေလွင်	
	စာရင်းကိုင်-၁	ဦးစီးအရာရှိ (ဘဏ္ဍာ)
	(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	အမျိုးသားပြတိုက် (ရန်ကုန်)	အမျိုးသားပြတိုက် (ရန်ကုန်)
(ဂ)	ဒေါ်စန်းပပအောင်	
	စာရင်းကိုင်-၁	ဦးစီးအရာရှိ (ဘဏ္ဍာ)
	(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ရှေးဟောင်းသုတေသနနည်းပညာ	စီမံ/ဘဏ္ဍာဌာနခွဲ (နေပြည်တော်)
	သင်တန်းကျောင်း (ပြည်)	
(ဃ)	ဒေါ်မွန်မွန်မြင့်	
	စာရင်းကိုင်-၁	ဦးစီးအရာရှိ (ဘဏ္ဍာ)
	(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပုဂံဌာနခွဲ	ပြတိုက် (စီမံ/ဘဏ္ဍာ) ဌာနစိတ်၊ မြောက်ဦးဌာနခွဲ
(င)	ဒေါ်လှဲ့လှဲ့ထွန်း	
	နည်းပြ (ပရိုင်းမိတ်)	လက်ထောက်ကထိက
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ရှေးဟောင်းသုတေသနနည်းပညာ	ရေအောက်ရှေးဟောင်းဌာနစိတ်
	သင်တန်းကျောင်း (ပြည်)	ရှေးဟောင်းသုတေသနနည်းပညာ
		သင်တန်းကျောင်း (ပြည်)
(စ)	ဒေါ်သင်းဝေလှိုင်	
	နည်းပြ (မြေတိုင်း)	လက်ထောက်ကထိက
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ရှေးဟောင်းသုတေသနနည်းပညာ	ပြတိုက်နှင့် စာကြည့်တိုက်ဌာနစိတ်
	သင်တန်းကျောင်း (ပြည်)	ရှေးဟောင်းသုတေသနနည်းပညာ
		သင်တန်းကျောင်း (ပြည်)
(ဆ)	ဒေါ်ဥမ္မာအောင်	
	အငယ်တန်းအင်ဂျင်နီယာ-၂	လက်ထောက်အင်ဂျင်နီယာ (မြို့ပြ)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပုဂံဌာနခွဲ	အမျိုးသားပြတိုက် (ရန်ကုန်)
(ဇ)	ဦးဝင်းငြိုး	
	အငယ်တန်းအင်ဂျင်နီယာ-၂	လက်ထောက်အင်ဂျင်နီယာ (စစ်ဆေး)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ဟန်လင်းဌာနစု	ပုဂံဌာနခွဲ
	ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ	
(ဈ)	ဒေါ်သန်းသန်းမြင့်	
	ဒုတိယဦးစီးမှူး (ပြတိုက်)	ဦးစီးအရာရှိ (ပြတိုက်)
	(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)	(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)
	ပုဂံဌာနခွဲ	ဗိသုနိုးဌာနစု
		ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ

စဉ်	**အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန**	**တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန**
(ည)	ဦးသိန်းစိုး ဒုတိယဦးစီးမှူး (ပြတိုက်) (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) မြောက်ဦးဌာနခွဲ	ဦးစီးအရာရှိ (ပြတိုက်) (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ပြတိုက်နှင့် စာကြည့်တိုက်ဌာနစိတ် စစ်တွေဌာနခွဲ

(ဝန်ကြီးရုံး)

အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၃)

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်)

မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံရှိ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းမြှင့်တင်နိုင်ရေးနှင့် မြန်မာတို့၏ ရိုးရာအစဉ်အလာတစ်ရပ်ဖြစ်သော မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် **မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဦးစီးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က)	ဦးကိုကို ပြည်ထောင်စုဝန်ကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	ဥက္ကဋ္ဌ
(ခ)	ဒေါ်နုမြဇံ ဒုတိယဝန်ကြီး (ယဉ်ကျေးမှု) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	ဒုတိယဥက္ကဋ္ဌ
(ဂ)	ဦးမြင့်ဦး အမြဲတမ်းအတွင်းဝန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(ဃ)	ဦးမျိုးညွန့်အောင် ညွှန်ကြားရေးမှူးချုပ် သာသနာရေးဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(င)	ဦးညွန့်ဝင်း ညွှန်ကြားရေးမှူးချုပ် အနုပညာဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်
(စ)	ဦးအောင်မြင့် ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန	အဖွဲ့ဝင်

(ဆ) ဦးဝင်းနိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဇ) ဦးလှိုင်ဝင်းမောင် အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(စျ) ဦးညိုမြင့်ထွန်း အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ဘဏ္ဍာ)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဒေါက်တာ ကျော်ဦးလွင် အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋ) ဒေါက်တာ သိန်းလွင် တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ)
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ **မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဦးစီးကော်မတီ** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) UNESCO ၏ အသိအမှတ်ပြု ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား အမည်စာရင်းတင်သွင်းနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်၊

(ခ) UNESCO မှ အဆိုပြုပုံစံပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ ကြိုးကြပ်စစ်ဆေးဆောင်ရွက်ရန်၊

(ဂ) မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်နှင့်ပတ်သက်သည့် မှတ်တမ်းအထောက်အထား၊ အချက်အလက်များကို ဖော်ထုတ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် စာရင်းပြုစုခြင်းလုပ်ငန်းများ ကြိုးကြပ်ဆောင်ရွက်ရန်၊

(ဃ) မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး အဆိုပြုစာတွဲပုံစံ(Form) ရေးသားဆောင်ရွက်ရေး ကြိုးကြပ်ရန်၊

(င) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သော မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား UNESCO သို့ တင်သွင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရန်၊

(စ) လုပ်ငန်းကော်မတီများကို လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်သွားရန်။

၃။ **မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး လုပ်ငန်းကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒေါက်တာ ကျော်ဦးလွင် ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ခ) ဒေါ်မီမီခိုင် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဂ) ဦးသန်းဇော်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

(ဃ) ဒေါက်တာ အေးအေးသင်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမျိုးသားပြတိုက် (နေပြည်တော်)
